ရွာသစ်ကျေးရွာအုပ်စု၊ ဘုရားထူးကျေးရွာ

ငါန်းဇွန်မြို့နယ်

Village Development Plan

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

(၂၀၂၃-၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဘုရားထူးကျေးရွာ၊ ငါန်းဇွန်မြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည့်)

၂၀၂၃ ခုနှစ်၊ဩဂုတ်လ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	
	ဘုရားထူးကျေးရွာ ကျေးရွာသယံဇာတမြေပုံ၊ ငါန်းဇွန်မြို့နယ်	
	ဘုရားထူးကျေးရွာ ကျေးရွာရာသီခွင်ပြ ပြကွဒိန်၊ ငါန်းဇွန်မြို့နယ်	
	ဘုရားထူးကျေးရွာ ကျေးရွာအဖွဲ့အစည်းချိန်ဆက်မှုပြပုံ၊ ငါန်းဇွန်မြို့နယ်	
၁။	တည်နေရာနှင့် ပထဝီဝင် အနေအထား	
၂။	ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ	
၃။	ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ	
၄။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	
	(က) သီးနှံစိုက်ပျိုးရေး	
	(ခ) မွေးမြူရေးလုပ်ငန်း	
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	
၅။	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	
	(ခ) ကျေးရွာ မီးလင်းရေး	
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	
၆။	ပညာရေး	
၇။	ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး	
၈။	ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	
၉။	ကျား–မ ရေးရာ ကိစ္စရပ်ဆိုင်ရာ	
၁၀။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	
	နောက်ဆက်တွဲ (၃) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၁-၂၀၂၂ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၅/၂၀၂၆ ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ပထမဦးဆုံးသောလူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင် ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နှင့် သက်ဆိုင်ရာဝန်ထမ်း များကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိယုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက် များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေး ဦးစီး ဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက် ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု အခြေပြဇယား စသည်တို့ကို အဓိကထားဖော်ပြထားပါသည်။

ဩဂုတ်လ၊ ၂၀၂၃
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဘုရားထူးကျေးရွာ
ငါန်းဇွန်မြို့နယ်

ရွာသစ်အုပ်စု ၊ဘုရားထူးကျေးရွာသယံဇာတပြမြေပုံ



ရွာသစ်ကျေးရွာအုပ်စု ၊ဘုရားထူးကျေးရွာ ရာသီခွင်ပြပြကွဒိန်

အကြောင်းအရာ	တပို့တော်ရိုးဆိုး	ကဆုန်လဆန်း	နယုန်လဆန်း	ဝါဆိုလပြည့်	ဩဂုတ်ဝါခေါင်	စက်တင်ဘာတော်သလင်းပေါက်	အောက်တိုဘာသီတင်းကျွတ်	နိုဝင်ဘာတန်ဆောင်မုန်း	ဒီဇင်ဘာနှစ်တော်	ဇန်နဝါရီပြာသို	ဖေဖော်ဝါရီတပို့တွဲ	မတ်တပေါင်း
ရာသီဥတု												
စိုက်ပျိုးရေး	စိုက်ပျိုး	ရိတ်သိမ်း		စိုက်ပျိုး	စိုက်ပျိုး	စိုက်ပျိုး	စိုက်ပျိုး	ရိတ်သိမ်း	ရိတ်သိမ်း	စိုက်ပျိုး	ရိတ်သိမ်း	ရိတ်သိမ်း
ပွဲတော်												
ကျန်းမာရေး	သင့်	သင့်	သင့်	သင့်	သင့်	ညှဲ့	ညှဲ့	သင့်	သင့်	သင့်	သင့်	သင့်
ဝင်ငွေ	ကောင်း		ကောင်း						ကောင်း	ကောင်း		
သောက်ရေဖူလုံမှု	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ
အစာရေစာဖူလုံမှု	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	ကောင်း	ကောင်း

ရည်ညွှန်းချက်

 နွေ

 မိုး

 ဆောင်း


 သင်္ကြန်ပွဲ

 ညောင်ရေသွန်းပွဲ

 ဘုရားပွဲ

 မီးထွန်းပွဲ

ရွာသစ်ကျေးရွာအုပ်စု ၊ဘုရားထူးကျေးရွာ အဖွဲ့အစည်းချိန်ဆက်မှုပြပုံ



၁။ တည်နေရာနှင့် ပထဝီဝင်အနေအထား

ဘုရားထူးကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်တွင် ပါဝင်သောကျေးရွာတစ်ရွာ ဖြစ်ပြီး ငါန်းဇွန်မြို့၏ အရှေ့(၃)မိုင်ခန့်တွင် တည်ရှိပြီး အရှည်လောင်ဂျီတွဒ်(95°43'36.50"E)၊ မြောက်လတ်တီတွဒ်(21°53'56.03"N)တွင် တည်ရှိသော ကျေးရွာဖြစ်ပါသည်။ ဘုရားထူးကျေးရွာသည် ငါန်းဇွန်-ကျောက်တလုံး-တံတားဦးလမ်းမကြီးဘေးတွင် တည်ရှိပါသည်။ ကျေးရွာ၏ အနောက်ဘက်နယ်နိမိတ်တွင် ပေါက်အိုင်ကုန်းကျေးရွာ၊ မြောက်ဘက်နယ်နိမိတ်တွင် ထမင်းဆိုင်ကျေးရွာ၊ ထန်းဇင်လှကျေးရွာနှင့် တောင်ဘက်တွင် ရွာသစ်ကျေးရွာတို့နှင့် နယ်နိမိတ်ဆက်စပ်လျက် ရှိပါသည်။ အိမ်ထောင်စုအားဖြင့်(၂၃၃)စုရှိသော ကျေးရွာကြီးတစ်ရွာ ဖြစ်ပါသည်။ ကျေးရွာနှင့်အနီးဆုံးမြို့မှာ ငါန်းဇွန်မြို့ဖြစ်ပြီး ကျေးရွာ၏ကုန်စည်ဝန်ဆောင်မှုအချို့အတွက် ငါန်းဇွန်မြို့မစျေး၊ တံတားဦးမြို့နယ်၊ မန္တလေးမြို့များသို့ လမ်းပန်းဆက်သွယ်ရေး လွယ်ကူစွာဖြင့် ဆက်သွယ်ဆောင်ရွက်ကြပါသည်။ ငါန်းဇွန်စျေးနှင့် ဆက်သွယ်သောလမ်းမှာ ကတ္တရာလမ်း ဖြစ်ပြီး ဆိုင်ကယ်၊ ကားများဖြင့် သွားရောက်ကြသည်။ ကျေးရွာတွင်းလမ်း(၁၅၁၀)ပေနီးပါးမှာ ဂျင်းလမ်းများဖြစ်ပြီး (၄၂၅၀)ပေနီးပါးမှာ မြေသားလမ်းဖြစ်ပါသည်။ မြေသားလမ်းများဖြစ်သဖြင့် မိုးရာသီတွင် သွားလာရခက်ခဲခြင်းများရှိနေပြီး ကျန်ရှိလမ်းများအား ကွန်ကရစ်လမ်းအဖြစ်သို့ အဆင့်မြှင့်တင်ပေးပါက ပိုမိုအဆင်ပြေစွာနှင့် လုပ်ငန်းများခရီးတွင်လာမည်ဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်မှုတွင် တစ်ထောင့်တစ်နေရာမှ အထောက်အကူဖြစ်မည်မှာ အသေအချာပင် ဖြစ်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ဘုရားထူးကျေးရွာ၏ ရာသီဥတုအခြေအနေမှာ သာမာန်အားဖြင့် နွေရာသီတွင် အပူချိန် ၄၂ ဒီဂရီစင်တီဂရိတ်အထိ အမြင့်ဆုံးရှိပြီး အနိမ့်ဆုံးအခြေအနေတွင် ၃၆ ဒီဂရီစင်တီဂရိတ် ရှိတတ်ပါသည်။ ရွာသစ်ကျေးရွာတွင် လယ်၊ ယာ၊ ဥယျာဉ်ခြံမြေ စုစုပေါင်း(၂၀၀၀)ဧကရှိပြီး စပါးကိုသာ အဓိကစိုက်ပျိုးကြပြီး နှမ်းပဲစင်းငုံ တို့ကို အနည်းငယ်စိုက်ပျိုးကြပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဘုရားထူးကျေးရွာတွင် လူမှုရေးကိုအခြေခံ၍ ဖွဲ့စည်းထားသော ဘုရားထူးလူမှုကူညီရေးအသင်းနှင့် ဘာသာရေးကိုအခြေခံ၍ ဖွဲ့စည်းထားသော ဂေါပကအဖွဲ့၊ ပဋ္ဌာန်းအဖွဲ့၊ ဓမ္မစကြာအဖွဲ့ အသင်းအဖွဲ့(၃)ဖွဲ့ နှင့် အုပ်ချုပ်ရေးအဖွဲ့၊ကျောင်းကော်မတီအဖွဲ့၊ မီးကော်မတီအဖွဲ့၊ ရေကော်မတီအဖွဲ့၊ သမချေးငွေအသင်း၊ စိုက်ပျိုးရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ မြစိမ်းရောင်အဖွဲ့နှင့် လူမှုကူညီရေးအသင်းအဖွဲ့တို့ ရှိပါသည်။ ကျေးရွာ၏သာရေး/နာရေးလူမှုဖွံ့ဖြိုးရေးကိစ္စများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ အဖွဲ့အစည်းများမှာ ၄င်းတို့၏အခန်းကဏ္ဍအလိုက် သက်ဆိုင်ရာတာဝန်များကို ထမ်းဆောင်လျက်ရှိသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများမှာ အဖွဲ့အစည်းဆိုင်ရာသဘောတရားတို့နှင့် ပတ်သက်၍ စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း

များရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာ နိုင်ပြီး လူငယ်များ အကျင့်စာရိတ္တကောင်းမွန်စေရေးနှင့် မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲများ ပြုလုပ်ပေးပါက ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ပါသည်။

၄။ စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ဘုရားထူးကျေးရွာတွင် စပါးကို အဓိကစိုက်ပျိုးကြပါသည်။နှမ်းနှင့်ပဲစဉ်းငုံကိုလည်း အနည်းငယ် စိုက်ပျိုးကြပါသည်။ မိုးကောင်းလျှင် မြေပဲများအထွက်နှုန်းတိုးပြီး မိုးမကောင်းလျှင် မြေပဲအထွက်နှုန်း နည်းပါးပါသည်။

(ခ) မွေးမြူရေး

ဘုရားထူးကျေးရွာတွင် ၎က(၂၁၀)ခန့်ရှိသည့် အင်းကွက်တည်ရှိပြီး နှစ်စဉ် လေလံအောင်မြင့်သည့် အင်းပိုင်များဦးစီး၍ ငါးလုပ်ငန်းလုပ်ကိုင်ကြပါသည်။ တစ်ပိုင်တစ်နိုင်စီးပွားရေးအနေဖြင့် နွား၊ နို့စားနွား၊ နှင့်ဝက်များကို မွေးမြူကြသည်။ နည်းပညာများနှင့်ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ အားနည်းသဖြင့် ရာသီကူးပြောင်း ချိန်တွင် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ် ရှိပါသည်။

(ဂ) စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ဘုရားထူးကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သောလုပ်ငန်းများ လုပ်ကိုင်ရန် လယ်ယာ၊ သား၊ ငါး မဟုတ်သော ဒေသထွက်ကုန်များကို ရောင်းချရန် စျေးကွက်အသင့်အတင့်ရှိပြီး အသက်မွေး ဝမ်းကြောင်းပြုနိုင်သော ပညာများကိုလည်း တက်မြောက်ကြသည်။ လျှပ်စစ်မီးရရှိပြီး လမ်းပန်း ဆက်သွယ်ရေးလည်း ကောင်းမွန်ပြီး ကုန်ကြမ်းရရှိမှု ပေါများပါသည်။

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ဘုရားထူးကျေးရွာတွင် စီးပွားရေးကို အခြေခံသောအစိုးရမဟုတ်သော အဖွဲ့အစည်းများ ဖြစ်သည့် မြစိမ်းရောင်(ငါးကဏ္ဍ)၊ စထာပနာအဖွဲ့များရှိပြီး ငွေကြေးလုပ်ငန်းကို လုပ်ကိုင်လျက် ရှိပါသည်။ စထာပနာ ငွေချေးအဖွဲ့မှာ (၁)ဦးလျှင်ငွေကျပ်(၃၀၀၀၀၀/- ၊ ၇၀၀၀၀၀/- မှ၈၀၀၀၀၀/-)ထိ ချေးယူရရှိပြီး (၁)လတစ်ကြိမ်နှင့် (၁၀)လ ပြန်လည်ပေးဆပ်ကြရသည်။ စတာပနာအဖွဲ့၏ အတိုးနှုန်းများမှာ ၂ကျပ်၃၀ပြားဖြစ်ပြီး အချို့ငွေချေးအဖွဲ့များမှ ချေးငွေရရှိရန်အတွက် အိမ်ထောင်စုဇယား၊ မှတ်ပုံတင်၊ ပတ်စ်ပို့ပုံများ ပေးကြရသော်လည်း အချို့ငွေချေးအဖွဲ့မှာ အိမ်အခြေအနေနှင့် လုပ်ငန်းအခြေအနေ ကိုသာ ကြည့်၍ငွေချေးပေးကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ဘုရားထူးကျေးရွာ၏ ရွာတွင်းလမ်းများသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ကျေလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းအဖြစ် (၉၀၀)ပေအား ကျေးရွာထည့်ဝင်ငွေဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး (၄၉၀၀)ပေခန့်မှာ ကွန်ကရစ်လမ်းခင်းရန်ကျန်ရှိပါသည်။ အဆိုပါလမ်းများမှာ မိုးရာသီတွင်ရေအိုင်ခြင်း၊

ဗွက်ထခြင်း၊ ဆိုင်ကယ်၊ စက်ဘီးများ သွားလာရသည်မှာ မကောင်းသောကြောင့် ကွန်ကရစ်လမ်း ခင်းပေးရန် လိုအပ်ပါသည်။

ဘုရားထူးကျေးရွာတွင်သယ်ယူပို့ဆောင်ရေးအတွက် စက်ဘီး(၂၀)စီး ၊မော်တော်ဆိုင်ကယ် (၁၃၀) စီး၊ထော်လာဂျီ(၄)စီး၊ ကား(၅)စီး နှင့် နွားလှည်း(၈၀)စီးရှိပြီး သယ်ယူ ပို့ဆောင်ရေးအတွက် အသုံးပြု လျက်ရှိပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ဘုရားထူးကျေးရွာတွင် လျှပ်စစ်ဓါတ်အားလိုင်းရောက်ရှိနေပြီး အိမ်ထောင်စု (၂၂၃)စုမှာ လျှပ်စစ်မီးရယူသုံးစွဲလျက်ရှိပြီး ကျန်အိမ်ထောင်စု(၁၀)မှာ မိသားစုဆွေမျိုးများဖြစ်ကြသဖြင့် လျှပ်စစ်မီးကိုပေါင်း၍ သုံးစွဲလျက်ရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဘုရားထူးကျေးရွာတွင် တယ်လီဖုန်းများအားလုံး လိုင်းမိသောကြောင့် အော်ပရေတာမျိုးစုံမှ တယ်လီဖုန်းများ အသုံးပြုကြပါသည်။ လျှပ်စစ်မီးရှိသောကြောင့် တီဗွီမှဗဟုသုတအစီအစဉ်များကို ကြည့်ရှုနိုင်သည်။

၆။ ပညာရေး

ဘုရားထူးကျေးရွာတွင် မူလတန်းကျောင်းသားအရွယ်များမှာ ကလေးအားလုံးကျောင်းတက်နိုင်ကြသည်။ ကျေးရွာတွင် မူလတန်းကျောင်းရှိသည့်အတွက် မူလတန်းအထိသာ သင်ကြားနိုင်ကြသည်။ အလယ်တန်းနှင့်အထက်တန်းပညာကို ငါန်းဖွန်အထက်တန်းကျောင်းသို့ သွားရောက်သင်ယူကြသည်။ ကျေးရွာအနေဖြင့် မူလတန်းအဆင့် ကျား/မ(၁၀၈)ဦး၊ အလယ်တန်းအဆင့် (၅၂)ဦး၊ အထက်တန်းအဆင့် ကျား/မ(၃၄)ဦး၊ တက္ကသိုလ်အဆင့်ကျား/မ(၂၁)ဦးရှိပါသည်။

အလယ်တန်းနှင့်အထက်တန်းပညာကို ငါန်းဖွန်မြို့ရှိအထက်တန်းကျောင်းများသို့ တက်ရောက်သော ကျောင်းသားများအနေဖြင့် အများအားဖြင့် စက်ဘီး၊ ဆိုင်ကယ်များဖြင့်လည်း ကျောင်းတက်ရောက်ကြပါသည်။

ရွာသစ်ကျေးရွာတွင် စာမတက်သူ(၁%)၊ မူလတန်းအဆင့်ရှိသူမှာ (၃၁)%၊ အလယ်တန်းအဆင့်ရှိသူ(၂၆)%၊ အထက်တန်းအဆင့်ရှိသူ (၁၈.၆)%နှင့် တက္ကသိုလ်၊ ကောလိပ်အဆင့်ရှိသူ (၂၃.၄)% ဖြစ်ပါသည်။ မူလတန်းအဆင့်မှာအများဆုံးဖြစ်ပါသည်။

ရွာသစ်ကျေးရွာတွင် မူလတန်းကျောင်းရှိပါသည်။ ကျောင်းဆောင် (၁)ဆောင်ရှိပါသည်။ ကျောင်းဆရာ/ဆရာမ(၅)ဦးသာရှိပြီး သင်ထောက်ကူပစ္စည်းများမှာမူ လုံလောက်မှု မရှိပါ။ ကျောင်းအိမ်သာမှာ သင့်တင့်ကောင်းမွန်ပါသည်။ အလယ်တန်းနှင့် အထက်တန်းပညာကို ငါန်းဖွန် အထက်တန်းကျောင်းသို့ သွားရောက်သင်ယူကြပါသည်။

ရွာသစ်စာသင်ကျောင်းသည် မူလကျောင်းဖြစ်ပြီး ကျောင်းဆရာ/ဆရာမ (၅)ယောက် ရှိသဖြင့် လုံလောက်မှုရှိပါသည်။ မူလတန်းကျောင်းထွက်နှုန်းနည်းပါးပြီး မသန်စွမ်းသူများအတွက် ပညာရေး

အထူးအစီအစဉ်လည်း မရှိပါ။ ကျောင်း၏လိုအပ်ချက်များကို မိဘဆရာအသင်းနှင့်စီစဉ် ဆောင်ရွက်ရန် လိုအပ်ပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ဘုရားထူးကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိပါသည်။ အရေးပေါ်ကျန်းမာရေး အခြေအနေပေါ်ပေါက်လာပါက (၃)မိုင်ခန့်ဝေးသော ငါန်းဖွန်မြို့ရှိ ဆေးခန်း/ဆေးရုံသို့သာ သွားရောက် ဆေးကုသကြပါသည်။

ဘုရားထူးကျေးရွာတွင် သွေးလွန်တုတ်ကွေး၊ တီဘီ၊ ဆီးချို၊ သွေးတိုးရောဂါများ နှင့် ယခုအချိန်တွင် အခြားကူးစက်နိုင်သော Omicron Covid-19ရောဂါများ အနည်းငယ် ဖြစ်ပွားသော်လည်း ရောဂါဖြင့် သေဆုံးမှုများမရှိကြပါ။ ကျေးရွာပြည်သူများသည် ကျန်းမာရေးနှင့် ပတ်သက်သော အခြေခံဗဟုသုတများအနည်းငယ်သိရှိကြသည်။

ဘုရားထူးကျေးရွာတွင် အဝီစိတွင်းစက်တပ်တွင်း(၁၅၀)တွင်း၊ ရှိ၍ရေတွင်း မရှိသောအိမ်များမှာ ရေတွင်းရှိသောအိမ်များနှင့်ပေါင်း၍ သုံးစွဲကြပြီး သောက်သုံးရေ လုံလောက်မှု ရှိပါသည်။ အဝီစိတွင်းများမှာ ရေအရည်အသွေးစမ်းသပ်စစ်ဆေးချက်ရလာဒ်အရ ၄င်းရေသည် Chloride များခြင်းမှ အပရေအရည်အသွေးကောင်းမွန်ခြင်းရှိပါသည်။

ရွာသစ်ကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာများကို အသုံးပြုသည့် အိမ်ထောင်စု (၆၇)စု နှင့် ရေဆွဲအိမ်သာအသုံးပြုသော အိမ်ထောင်စု(၁၅၀)စုရှိပါသည်။ ကျန်ရှိသည့် အိမ်ထောင်စု (၂၀)စုသည် နီးစပ်သည့်ဆွေမျိုးများအိမ်သို့ ပေါင်း၍သုံးစွဲသည် ဖြစ်ပါသဖြင့် ကျန်းမာရေးအသိပညာ လက်လှမ်းမီကြောင်း တွေ့ရပါသည်။

၈။ ဘေးအန္တရာယ်များနှင့် ဘဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ဘုရားထူးကျေးရွာတွင် ကိုယ်ထူကိုယ်ထစနစ်ဖြင့် အမှိုက်များကို သတ်မှတ်ထားသည့် အမှိုက် ကျင်းနေရာတွင် သွားရောက်စွန့်ပစ်ကြပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဘုရားထူးကျေးရွာတွင် ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာပါဝင်မှုရှိသော်လည်း နည်းပါးပါသည်။ ကျားနှင့်မအကြား ပြင်းထန်သောအိမ်တွင်း အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများတိုင်ကြားမှုများမရှိပါ။ အမျိုးသမီး ရေးရာအကြမ်းဖက်မှုများ အတွက်ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများ အသိအမြင်အနည်းငယ်ရှိသော်လည်း လူငယ်များ အကျင့်စာရိတ္တကောင်းမွန်စေရေးနှင့် မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲများ ဖွင့်လှစ်ပေးရန် လိုအပ်ပါသည်။

ရွာသစ်ကျေးရွာတွင် ဘုန်းတော်ကြီးကျောင်း (၁)ကျောင်းရှိ၍ ဘာသာရေးကို ယုံကြည်ကိုးကွယ်ကြသူများပြားပြီး ကုသိုလ်ကောင်းမှုများကိုလည်း စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ဆောင်ရွက်ကြသည်။

ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် ရွာသစ်			ကျေးရွာအမည် ဘုရားထူး
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ
၁	အခြေခံအဆောက်အဦး	ကျေးလက်လမ်းတံတား	ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း၊
၂	အခြေခံအဆောက်အဦး	ကျေးလက်လမ်းတံတား	အုတ်စီရေမြောင်းပြုလုပ်ခြင်း၊
၃	အခြေခံအဆောက်အဦး	ကျေးလက်လမ်းတံတား	တိုးချဲ့ကွန်ကရစ်လမ်းခင်းခြင်း၊
၄	အခြေခံအဆောက်အဦး	အခြားအခြေခံအဆောက်အဦး	ဆေးပေးခန်းအုတ်တံတိုင်းခတ်ခြင်း၊
၅	လျှပ်စစ်	လျှပ်စစ်	လျှပ်စစ်မီးကြိုးများ ပြောင်းလဲတပ်ဆင်ခြင်း၊
၆	အခြေခံအဆောက်အဦး	အခြားအခြေခံအဆောက်အဦး	အုတ်စီရေမြောင်းပြုလုပ်ခြင်း၊
၇	လူမှုဖွံ့ဖြိုးရေး	သင်တန်း	အသက်မွေးဝမ်းကြောင်းအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပေးနိုင်ရန်၊

ရွာသစ်ကျေးရွာ၊ ဘုရားထူးကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးသန်းဝင်း	ဦးသောင်းရွှေ	၅/ငဇန (နိုင်) ၀၆၆၅၈၇	၆၇	ဥက္ကဋ္ဌ	၀၉-၄၂၇၉၆၄၆၄၈
၂	ဦးသိန်းထွန်း	ဦးအောင်သန်း	၅/ ငဇန(နိုင်) ၀၀၅၉၀၀	၅၅	အတွင်းရေးမှူး	၀၉-၄၀၂၅၀၉၉၄၂
၃	ဦးလှမျိုးဝင်း	ဦးခင်မောင်	၅/ ငဇန(နိုင်) ၀၀၃၈၉၁	၅၁	အဖွဲ့ဝင်	၀၉-၇၉၉၉၅၄၃၉၉
၄	ဦးနောက်တိုး	ဦးပေတိုး	၅/ ငဇန(နိုင်) ၀၀၃၉၂၁	၁၈	အဖွဲ့ဝင်	၀၉-၇၈၃၈၅၇၇၈၈
၅	ဦးမြင့်သူဝင်း	ဦးမြင့်	၉/ ငဇန(နိုင်) ၀၉၃၇၃၀	၃၁	အဖွဲ့ဝင်	၀၉-၄၂၆၈၇၇၂၃၈
၆	ဒေါ်ခင်စန္ဒာဦး	ဦးဖိုးစိ	၅/ ငဇန(နိုင်) ၀၀၀၄၅၀	၄၇	အဖွဲ့ဝင်	၀၉-၄၅၉၈၅၀၇၀၀
၇	ဒေါ်တင်ဇာဦး	ဦးထွန်းမြင့်	၉/ ငဇန(နိုင်) ၀၈၉၂၂၀	၃၁	အဖွဲ့ဝင်	၀၉-၄၂၅၈၆၈၃၂၆
၈	ဒေါ်ဇာခြည်ဝင်း	ဦးလှမျိုးဝင်း	၉/ ငဇန(နိုင်) ၀၈၉၁၉၃	၃၁	အဖွဲ့ဝင်	၀၉-၇၉၇၀၄၂၃၈
၉	ဒေါ်ယဉ်ယဉ်မြင့်	ဦးအေးအောင်	၉/ ငဇန(နိုင်) ၁၃၁၃၅၈	၂၄	အဖွဲ့ဝင်	၀၉-၄၅၉၁၆၃၉၈၅

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
အခြေခံအဆောက်အဦး					
– မိုးရာသီတွင် သွားလာရခက်ခဲခြင်း၊	– မြေသားလမ်းဖြစ်ခြင်း၊ – မိုးရာသီတွင် ရေအိုင်နေခြင်း၊	– မူရင်းမြေသားလမ်းမှ အောက်ခံအမာခံရှိနေ ခြင်း၊ – ကျေးရွာအလှူငွေနှင့် လုပ်အားများ ရနိုင်ခြင်း၊	– ကျေးရွာမှ ရရှိသော အလှူငွေနှင့်မလုံလောက်ခြင်း၊ – နည်းပညာ အခက်အခဲ ရှိခြင်း၊	– ကျေးရွာဖွံ့ဖြိုးရေး ကော်မတီနှင့်ကျေးလက်ဦးစီးဌာနတို့ ချိတ်ဆက်ဆောင်ရွက်ခြင်း၊ – ကျေးရွာရန်ပုံငွေ ရရှိအောင် စုဆောင်းခြင်း၊	– ကျေးရွာတွင်းလမ်းများကွန်ကရစ်လမ်းခင်းခြင်း၊
– မိုးရာသီတွင် သွားလာရခက်ခဲခြင်း၊	– မိုးရာသီတွင် ရေအိုင်နေခြင်း၊	– ကျေးရွာအလှူငွေနှင့် လုပ်အားရနိုင်ခြင်း၊	– နည်းပညာ အခက်အခဲရှိခြင်း၊	– ကျေးရွာဖွံ့ဖြိုးရေး ကော်မတီနှင့်ကျေးလက်ဦးစီးဌာနတို့ ချိတ်ဆက်ဆောင်ရွက်ခြင်း၊ – ကျေးရွာရန်ပုံငွေ ရရှိအောင် စုဆောင်းခြင်း၊	– အုတ်စီရေမြောင်းပြုလုပ်ခြင်း၊
– မိုးရာသီတွင် သွားလာရခက်ခဲခြင်း၊	– မြေသားလမ်းဖြစ်ခြင်း၊ – မိုးရာသီတွင် ရေအိုင်နေခြင်း၊	– မူရင်းမြေသားလမ်းမှ အောက်ခံအမာခံရှိနေ ခြင်း၊ – ကျေးရွာအလှူငွေနှင့် လုပ်အားများ ရနိုင်ခြင်း၊	– ကျေးရွာမှ ရရှိသော အလှူငွေနှင့်မလုံလောက်ခြင်း၊ – နည်းပညာ အခက်အခဲ ရှိခြင်း၊	– ကျေးရွာဖွံ့ဖြိုးရေး ကော်မတီနှင့်ကျေးလက်ဦးစီးဌာနတို့ ချိတ်ဆက်ဆောင်ရွက်ခြင်း၊ – ကျေးရွာရန်ပုံငွေ ရရှိအောင် စုဆောင်းခြင်း၊	– တိုးချဲ့ကွန်ကရစ်လမ်း ခင်းခြင်း၊

ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
– ဆေးပေးခန်းနေရာ လုံခြုံမှုအားနည်း ခြင်း၊	– ဆေးပေးခန်းခြံစည်း ရိုး မရှိခြင်း၊	–ကျေးရွာအလှူငွေနှင့် လုပ်အားရနိုင်ခြင်း၊	– နည်းပညာ အ ခက်အခဲရှိခြင်း၊	– ကျေးရွာဖွံ့ဖြိုးရေး ကော်မတီနှင့်ကျေးလက် ဦးစီးဌာနတို့ ချိတ်ဆက် ဆောင်ရွက်ခြင်း၊ – ကျေးရွာရန်ပုံငွေ ရရှိ အောင် စုဆောင်းခြင်း၊	– ဆေးပေးခန်းအုတ် တံတိုင်းခတ်ခြင်း၊
– မီးကြိုးမီးတိုင်များ အိုဟောင်းနေသဖြင့် အန္တရာယ်ဖြစ်နိုင် ခြင်း၊	– မီးကြိုးမီးတိုင်များ အိုဟောင်းနေခြင်း၊	–ကျေးရွာအလှူငွေများ ရနိုင်ခြင်း၊	– ကျေးရွာမှ ရရှိ သောအလှူငွေနှင့် မလုံလောက်ခြင်း၊ – နည်းပညာ အ ခက်အခဲ ရှိခြင်း၊	– ကျေးရွာဖွံ့ဖြိုးရေး ကော်မတီနှင့်ကျေးလက် ဦးစီးဌာနတို့ ချိတ်ဆက် ဆောင်ရွက်ခြင်း၊ – ကျေးရွာရန်ပုံငွေ ရရှိ အောင် စုဆောင်းခြင်း၊	– လျှပ်စစ်မီးကြိုးများ ပြောင်းလဲတပ်ဆင် ခြင်း၊
– မိုးရာသီတွင် သွား လာရခက်ခဲခြင်း၊	– မိုးရာသီတွင် ရေအိုင် နေခြင်း၊	– မူရင်းလမ်းမှာ အောက် ခံ အမာခံရှိနေခြင်း၊ – ကျေးရွာအလှူငွေနှင့် လုပ်အားများရနိုင်ခြင်း၊	– ကျေးရွာမှ ရရှိ သောအလှူငွေနှင့် မလုံလောက်ခြင်း၊ – နည်းပညာ အ ခက်အခဲ ရှိခြင်း၊	– ကျေးရွာဖွံ့ဖြိုးရေး ကော်မတီနှင့်ကျေးလက် ဦးစီးဌာနတို့ ချိတ်ဆက် ဆောင်ရွက်ခြင်း၊ – ကျေးရွာရန်ပုံငွေ ရရှိ အောင် စုဆောင်းခြင်း၊	– ကျေးရွာတွင်းလမ်း များ အုတ်စီရေ မြောင်း ပြုလုပ်ခြင်း၊
ပညာရေး					
–	–	–	–	–	–
ကျန်းမာရေး					
	–	–	–	–	–

ပြဿနာ	အကြောင်းအရင်း	အခြေအနေ ကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
လူမှုဖွံ့ဖြိုးရေး					
–ကျေးလက်နေ ပြည်သူများ ဝင်ငွေ တိုးပွားလာစေရန် နည်းပညာများ မရှိခြင်း၊	–နည်းပညာလက်လှမ်း မီမှုမရှိခြင်း၊	– နည်းပညာများအား သင်တန်းပို့ချရာတွင် သင်တန်းသားများရရှိ နိုင်ခြင်း၊	–တစ်ပိုင်တစ်နိုင် စီးပွားရေး လုပ် ငန်းများ ဆောင် ရွက်ရန် ဝန် ဆောင်မှုမရှိခြင်း၊	–ကျေးလက်ဦးစီးဌာနမှ သက်မွေးသင်တန်းများ အကူအညီဆောင်းခံနိုင် ခြင်း၊	–အသက်မွေးဝမ်း ကြောင်းအထောက် အကူပြုသင်တန်း များဖွင့်လှစ်ပေးရန်၊
သွင်းအားစုနှင့် ချေးငွေဝန်ဆောင်မှု လုပ်ငန်း					
–	–	–	–	–	–
–	–	–	–	–	–
စိုက်ပျိုးရေး					
–	–	–	–	–	–
သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး					
–	–	–	–	–	–

ဦးစားပေးစီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ - ရွာသစ် ကျေးရွာအုပ်စု - ဘုရားထူး မြို့နယ် - ငါန်းဖွန် တိုင်းဒေသကြီး / ပြည်နယ် - မန္တလေးတိုင်းဒေသကြီး
စီမံချက်အမည် - ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းနှင့်ဆိုလာရေသန့်စင်စနစ်လုပ်ငန်း
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ - ကျန်ရှိနေသည့်လက်ရှိလမ်းမှာ မြေသားလမ်းဖြစ်နေခြင်း မိုးရာသီတွင် ရေအိုင်နေခြင်းကြောင့် သွားလာရ ခက်ခဲခြင်း၊ -
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့်ဆန္ဒ ဖော်ပြရန်) - ကျန်ရှိနေသည့်လက်ရှိမြေသားလမ်းအား ရာသီမရွေးသွားလာနိုင်သည့် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့် တင်လိုခြင်း၊ -
မျှော်မှန်း အကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုး ကျေးဇူးများ) - ကျန်ရှိနေသေးသည့်လက်ရှိမြေသားလမ်းအား ကွန်ကရစ်လမ်းဆောင်ရွက်ပြီးပါက ကျေးရွာ၏ လူနေမှုအဆင့်အတန်း မြင့်မားလာနိုင်ခြင်း၊
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက်ပမာဏ လုပ်ရမည်) ကွန်ကရစ်လမ်းခင်းခြင်း အရှည် = ၉၀၀' အကျယ် = ၁၂' ထု = ၆"
ကုန်ကျစရိတ်ထည့်ဝင်မှု - ၁၆၀၀၀၀၀/-

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့်အစီအစဉ်
• ၁၅၀၀၀၀၀၀ - (ငွေသား) • ၂၉၅၀၀၀၀ - (ငွေသား) • ၂၅၁၀၀၀၀ - (လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၄၅၄	၅၁၈	၉၇၂	၁၀၆	၅၂	၄၈	၂၇	၂၃၃
အကျိုးခံစားမည့် ဦးရေ	၄၅၄	၅၁၈	၉၇၂	၁၀၆	၅၂	၄၈	၂၇	၂၃၃
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

- ဘုရားထူးကျေးရွာဖွံ့ဖြိုးရေးကော်မတီ
- မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၂) စီမံချက် စတင်မည့်အချိန် (ခန့်မှန်း) - ၂၀၂၃ ခုနှစ်

(၃) စီမံချက် ပြီးစီးမည့်အချိန် - ၂၀၂၃ခုနှစ်

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်

- ကျေးရွာသူ/သားများအားလိုအား လုပ်အား ၊ ငွေအားတက်နိုင်သလိုထည့်ဝင်ရန် ရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ပြီးဖြစ်ပါသည်။
- ကျေးရွာပြင်ပ ခင်မင်ရင်းနှီးသော မိတ်ဆွေများထံ အလှူခံသွားပါမည်။
- လုပ်အားခအား ရာနှုန်းပြည့် ထည့်ဝင်ဆောင်ရွက်သွားပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေး ဆိုင်ရာ အစီအစဉ်များ

- လုပ်ငန်းများကောင်းမွန်စွာ ဆက်လက်အကောင်အထည်ဖော်ရေးအတွက် ကွန်ကရစ်လမ်းတည်ဆောက်ပြီးချိန်တွင် ကျေးရွာလုံးကျွတ် စည်းဝေးတိုင်ပင်သွားပါမည်။
- လက်ရှိရေကော်မတီမှ အလှူငွေများဆက်လက်စုဆောင်းကာ နှစ်စဉ်အသေးစားပြင်ဆင်မှုများ ပြုလုပ်ဆောင်ရွက်သွားပါမည်။

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်နေပုံ



